**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**စက်မှုအင်ဂျင်နီယာဌာန**
**အမှတ်(၅၅၇/၅၅၉)၊ ကန်နားလမ်း၊ ဆိပ်ကမ်းမြို့နယ်**
**ကန်ထရိုက်လုပ်ငန်းအတွက်ဈေးပြိုင်တင်ဒါဖိတ်ခေါ်ခြင်းကြော်ငြာစာ**

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန သိမ်ဖြူသင်္ဘောကျင်းတွင် ဗလရေယာဉ် လွှန်းတင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသည်။ အထက်ပါလုပ်ငန်းများအတွက် ဆောင်ရွက် ရမည့် ခန့်မှန်းခြေ စာရင်းများကို တင်ဒါပုံစံတွင် ပူးတွဲထားပါသည်။ အထက်ပါလုပ်ငန်းအတွက် လုပ်ခ နှုန်းထားများ၊ လုပ်ငန်းရှင်မှ စိုက်ထုတ်ဆောင်ရွက်ရမည့် ပစ္စည်းများ၏ နှုန်းထားများကို တွက်ချက်၍ တင်ဒါ တင်သွင်းလွှာ ပုံစံတွင် ဖြည့်စွက်ပြီး ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ် ပါသည်။
၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကို စိတ်ဝင်စားပါက သတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်း နှင့် လုပ်ခ ဆိုဈေး များကို တွက်ချက်ဖော်ပြ၍ စာအိတ်ဖြင့်ချိတ်ပိတ် တင်သွင်းနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရာတွင် ငွေကျပ် ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ)ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းထားသည့် ငွေရပြေစာ မိတ္တူ သို့မဟုတ် ချလံမိတ္တူအား တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။
၄။ ကန်ထရိုက်လုပ်ငန်းအတွက် တင်ဒါတင်သွင်းရာတွင် ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးတင်သွင်း ရမည့် ပုံစံ များနှင့် တင်ဒါစည်းကမ်းချက်ပါစာရွက်စာတမ်းများကို ယနေ့မှစ၍(၁၁-၃-၂၀၂၀) နေ့ရက် အတွင်း (ရုံးဖွင့်ရက်) ရုံးချိန်များ၌ အပိုဒ်(၅)(က)ပါလိပ်စာတွင် တစ်စောင်လျှင် ၅၀၀၀/- ဖြင့် ဝယ်ယူနိုင်ပါသည်။
၅။ တင်ဒါတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်ရုံးလိပ်စာနှင့် - အစည်းအဝေးခန်းမ(၂)(သို့မဟုတ်)အစည်းအဝေးခန်းမ(၃)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း ၊ ရန်ကုန်မြို့

လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ

(ခ) စပေါ်ငွေပေးသွင်းရမည့်
နောက်ဆုံး နေ့ရက်/ အချိန် - (၁၁ - ၃ - ၂၀၂၀) ရက် ( ၁၆ : ၀၀ ) နာရီ
နေရာ - စာရင်းဌာန(မြေညီထပ်)၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

(ဂ) တင်ဒါတင်သွင်းရမည့်
နောက်ဆုံးနေ့ရက်/အချိန် - ( ၁၂ - ၃ -၂၀၂၀ ) ရက် ( ၁၄ : ၀၀ ) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - ( ၁၂ - ၃ -၂၀၂၀ ) ရက် ( ၁၄ : ၀၀) နာရီ
နေရာ - အစည်းအဝေးခန်းမ(၂)(သို့မဟုတ်)အစည်းအဝေးခန်းမ(၃)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း ၊ ရန်ကုန်မြို့

၆။ တင်ဒါစီစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် တင်ဒါတင်သွင်းလွှာ ကိုဖြစ်စေ၊ မည်သည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေ လက်ခံခြင်း မပြုသင့်ဟု ယူဆလျှင် ပယ်ဖျက်ခွင့် ရှိသည်။
၇။ အထက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာ ရုံးတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**